တလိုင်းတောင်ကျေးရွာ

ထားဝယ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တလိုင်းတောင်ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၂
	တလိုင်းတောင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၅
	(က) သီးနှံ စိုက်ပျိုးရေး	၅
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၇
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၀
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၂
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု

အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တလိုင်းတောင်ကျေးရွာ
ထားဝယ်မြို့နယ်

တလိုင်းတောင်ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် မေတ္တာကားလမ်းမပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ထားဝယ်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုရေးနှင့် မွေးမြူးရေး လုပ်ငန်းများ ဖြစ်ကြပါ သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေး လုပ်ငန်း များအတွက် ကောင်းစွာအထောက်အကူပြုသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပြီး ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများရှိပါသည်။ စပါးနှင့်ရာဘာကို အဓိက အားထားပြီး စီးပွားဖြစ် စိုက်ပျိုးကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန် သည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်သယံဇာတ မထွက်ရှိပါသည်။ လယ်ယာမြေစိုက်ပျိုးရာတွင် မိုးတွင်မျှသာ စိုက်ပျိုးရေရရှိပါသည်။ ဆည်ရေ၊ မြစ်ရေ၊ စမ်းရေနှင့် မြေအောက်ရေများ မရရှိနိုင်သလို ရေအရင်းမြစ် ရရှိနိုင်သည့် နေရာလဲမရှိပါ။ သဘာဝတိရစ္ဆာန် မျိုးစိတ်များကို အသင့်အတင့် တွေ့ရှိ နိုင်ပါသေးသည်။ နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာ အနည်းငယ် တွေ့ရှိရပါသည်။ သို့ရာတွင် ဆေးဘက်ဝင်ပင်များကို အသုံးပြုသူနည်းပါး ပါသည်။ အကြောင်းအရင်းမှာ အဆင်သင့် ဖော်စပ် ပြီးသော ဆေးများကိုသာ အသုံးပြုမှုများခြင်းကြောင့်ဖြစ်သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ကျေးရွာလူထုကိုယ်တိုင် ဖွဲ့စည်းထားသော လူထုအခြေပြု အဖွဲ့အစည်းများ ရှိပါသည်။ ယင်းအဖွဲ့အစည်းများသည် ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းများ စနစ်တကျ ထားရှိခြင်း၊ ကျေးရွာအတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုရှိခြင်းကြောင့် အဖွဲ့၏စွမ်းဆောင်ရည်ကောင်းသည်ဟုဆိုရပါမည်။ ကျေးရွာပွဲလမ်းသဘင်များ ကျင်းပလျှင် လုံခြုံရေးတာဝန်များကို ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဆောင်ရွက် နေပါသည်။ အဖွဲ့အချင်းချင်းကြား ဆက်သွယ်ဆောင်ရွက်မှုရှိပါသည်။ စာရင်းဇယား မှတ်တမ်း မှတ်ရာထားရှိမှုမှာလည်း ကောင်းမွန်ပါသည်။ တလိုင်းတောင်ကျေးရွာတွင် ကျေးရွာလူထုကိုယ်တိုင် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမှလွဲ၍ အခြားသောပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

တလိုင်းတောင်ကျေးရွာတွင် စိုက်ပျိုးမြေမှာ အသင့်အတင့်ရှိသော်လည်း မိုးရေကိုသာ အားထားစိုက်ပျိုးရသဖြင့် စိုက်ပျိုးမြေအား အပြည့်အဝ အသုံးချမှု နည်းနေပါသည်။ အများစုမှာ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြပါသည်။ လယ်ယာနှင့် ဥယျာဉ်မြေများ စိုက်ပျိုးရန် အတွက် မိုးတွင်းအခါ ရေတိုက်စားမှုကြောင့် မြေဆီလွှာ ပျက်စီးမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

တလိုင်းတောင်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၃.၅%) ရှိပါသည်။ လယ်မြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၉၆.၅%) ရှိ၍ လယ်၊ တောင်ယာ၊ ဥယျာဉ် စိုက်ပျိုးကြပြီး ဝမ်းစာဖူလုံမှု အသင့်အတင့် ရှိပါသည်။ ဆင်းရဲသား ကျပန်းမိသားစုများသည် လယ်၊ တောင်ယာ၊ ဥယျာဉ် လုပ်ငန်းခွင်တွင် နေ့စားလုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့် အလမ်းများကို ရရှိစေပါသည်။

အများအားဖြင့် ကျေးရွာလူထုသည် ဆင်းရဲကြသော်လည်း မြေယာပိုင်ဆိုင်မှု အသင့်အတင့် ရှိပါသည်။ တလိုင်းတောင်ကျေးရွာတွင် ရေသွင်းစိုက်ပျိုးမှု မရှိဘဲ မိုးရာသီတွင် မိုးရေကို အဓိက အားထားပြီး စပါးစိုက်ပျိုးပါသည်။ ရွာသားများကို ဥယျာဉ်လုပ်ငန်းကို အဓိက အားထား ကြပါသည်။ ရေအရင်းအမြစ် ရရှိနိုင်သော နေရာမရှိပါ။ တလိုင်းတောင်ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ရာဘာတို့ ဖြစ်ပါသည်။ ကျေးရွာသူ/သားများသည် လယ်ဧက အမြောက်အများ ပိုင်ဆိုင်ကြသော်လည်း လယ်မြေများမှာ ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသဖြင့် အပြည့်အဝ လုပ်ကိုင်၍မရကြပါ။ ရာဘာခြံများမှာလည်း ရာဘာဈေးကျဆင်းမှုကြောင့် မိသားစု စားဝတ် နေရေးအတွက် အခက်ကြုံနေရပါသည်။ တောင်သူလယ်သမားအားလုံးနီးပါး လယ်ယာ လုပ်ငန်းခွင်တွင် လက်တွန်းထွန်စက်များကို အသုံးပြုကြပြီး မရှိသူများမှာ ငှားရမ်းလုပ်ကိုင် ကြပါသည်။ ထို့အပြင် မြက်ရိတ်စက်များကိုအိမ်ထောင်စုအများစုက ပိုင်ဆိုင်ကြပြီး ကိုယ်ပိုင် စိုက်ပျိုးမြေများ၊ နေ့စား လုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြပါသည်။

ကျေးရွာတွင် ကွဲ၊ နွားသုံးစွဲမှု နည်းပြီး စက်အင်အားဖြင့် စိုက်ပျိုးကြသည်။ ရေသွင်းမစိုက်နိုင်သောကြောင့် မိုးစပါးမျှသာ စိုက်ပျိုးကြသည်။ စပါးရိတ်သိမ်းပြီးနောက်ပိုင်းတွင် စပါးခြွေလှေ့စက်များကို အဆင်ပြေသောနေရာမှ ငှားရမ်းလုပ်ကိုင် ကြပါသည်။ တလိုင်းတောင်ကျေးရွာသည် နှစ်ရှည်သီးနှံ စိုက်ပျိုးမှု နှင့် အသက်မွေးရပ်တည်နေသော ကျေးရွာ ဖြစ်သည့် အလျောက် နှစ်ရှည်သီးနှံ စိုက်ပျိုးခြင်းမှာ အကျိုးအမြတ် ရှိပါသည်။ တောင်သူလယ်သမား များမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နှင့် ငွေချေး ပေးသူများ ထံမှသာ ရရှိနိုင်ပါသည်။ အခြားသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ မွေးမြူရေး၊ အရောင်းအဝယ် စသောလုပ်ငန်းများအတွက် မြစိမ်းရောင်ချေးငွေနှင့် သမဝါယမချေးငွေများမှ ရရှိပါသည်။

စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်းနိမ့်ကျနေသော်လည်း တောင်သူလယ်သမားများမှာ မိမိတို့စပါးကို ထုတ်ရောင်းချရသဖြင့် ရရှိမည့် အကျိုးအမြတ်များစွာ ဆုံးရှုံးရပါသည်။ ကျေးရွာနေတောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပါသည်။ သို့သော်ချေးငွေကာလတိုတောင်းခြင်းကြောင့် အခက်အခဲရှိပါသည်။ မြစိမ်းရောင်ချေးငွေ၊သမဝါယမချေးငွေများ ရှိသော်လည်း လုံလောက်စွာ မရသဖြင့် အခက်အခဲကြုံတွေ့ရပါသည်။ ကျွမ်းကျင်လုပ်သားရှားပါးခြင်းနှင့် ဖျက်ပိုးအန္တရာယ်များ လည်း ကြုံတွေ့နေရပါသည်။ နှစ်ရှည်သီးနှံအတွက် ချေးငွေမရနိုင်ခြင်း၊ မိရိုးဖလာနည်းအတိုင်း

စိုက်ပျိုး ကြခြင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ ပံ့ပိုးမှု မရခြင်း၊ စိုက်ပျိုးမှုနည်းစနစ် မသိခြင်းတို့သည် ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိက စိန်ခေါ်မှုများဖြစ်ပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

တလိုင်းတောင်ကျေးရွာတွင် အိမ်ထောင်စုစာရင်း ကောက်ယူမှုအရ စီးပွားအဖြစ် နွားမွေးမြူရေး လုပ်ကိုင်သူ (၃၆) အိမ်ထောင်စု ၊ကြက်မွေးမြူရေး လုပ်ကိုင်သူ (၂၄) အိမ်ထောင်စု ၊ဘဲမွေးမြူရေး လုပ်ကိုင်သူ (၃) အိမ်ထောင်စု နှင့် ဝက်မွေးမြူရေး လုပ်ကိုင်သူ (၈) အိမ်ထောင်စု ရှိပါသည်။ ကျွဲ၊ မြင်းမွေးသော အိမ်ထောင်စု အနည်းငယ်ရှိပြီး နွား၊ကြက်၊ဘဲ နှင့် ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူသော အိမ်ထောင်စုများလည်း ရှိပါသည်။

တလိုင်းတောင်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု သင်တန်းများ လိုအပ်နေပါသည်။ ကျေးရွာမှ စီးပွားဖြစ် မွေးမြူရေး ဆိုင်ရာ နည်းပညာသင်တန်းများ လိုအပ်နေပါသည်။ နည်းပညာပံ့ပိုးမှုများရှိပါက မွေးမြူရေး လုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် သင်တန်းများ လိုအပ်နေပါသည်။ တိရိစ္ဆာန် ကျန်းမာရေး အသိပညာပေးမှု နည်းပါးခြင်း၊ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်နေခြင်းနှင့် ငွေအရင်းအနှီး လုံလောက်မှုမရှိခြင်း စသည်တို့သည် မွေးမြူရေးလုပ်ငန်းအတွက် အဟန့်အတားများ ဖြစ်ပါသည်။ သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်း စသည်တို့ကလည်း စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

တလိုင်းတောင်ကျေးရွာ၏ အခြားဝင်ငွေရ လုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုနည်းပါးပြီး အလုပ်သမားဝန်ထမ်းအနေဖြင့် လုပ်ကိုင်သူပိုမို များပြားပါသည်။ ယခင်နှစ်ကထက်စာလျှင် ပညာတတ်မြောက် သူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သူဦးရေ များပြားလာပါသည်။ ဒေသနှင့်ကိုက်ညီသော ဝင်ငွေရ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု နည်းပါသည်။

ကျေးရွာတွင် ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် စျေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုး ဖလာ ကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ ချေးငွေလုံလောက်စွာ မရရှိခြင်းစသည်တို့ ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။ အသက်မွေးဝမ်းကြောင်း အတတ်ပညာအားနည်းခြင်းသည်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးခြင်းပြဿနာ ဖြစ်စေပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေများကို စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊သမဝါယမ၊ ငွေချေးပေးသူများ၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူကြပါသည်။ ငွေချေးပေးသူများထံတွင် အပေါင်ခံ ပစ္စည်းများဖြင့် အတိုးနှုန်း မြင့်မားစွာချေးယူရပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

တလိုင်းတောင်ကျေးရွာတွင် မော်တော်ယာဉ်များ အတော်အသင့် ရှိပါသည်။ ဆင်းရဲသားများသည် စက်ဘီးနှင့် ဆိုင်ကယ်ကိုသာ အသုံးပြုမှုများသည်။ ကျောင်းသူ/သားများသည် ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်း ကျောင်းများ မရှိသဖြင့် ကျောင်းသို့ စက်ဘီးများဖြင့် သွားနေရပါသည်။ ထားဝယ်မြို့ထဲလမ်းများတွင် အန္တရာယ်ရှိသောကြောင့် ကျောင်းသူ/သားများအတွက် အကြို၊ အပို့ယာဉ်များ လိုအပ်နေပါသည်။

တလိုင်းတောင်ကျေးရွာတွင် ရွာတွင်းလမ်း(၄)လမ်းရှိပြီး လမ်းအရှည်မှာ (၁)မိုင်(၆)ဖာလုံရှိပါသည်။ ချဉ်းကပ်လမ်း မရှိပါ။ ရွာချင်းဆက်လမ်း(၂)နှင့် ရွာပတ်လမ်းများမှာ မြေသားလမ်း ဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

တလိုင်းတောင်ကျေးရွာသည် မြစ်၊ ချောင်း၊ ပင်လယ်နှင့် ဝေးကွာသောကြောင့် ဆိပ်ခံတံတား၊ ကြိုးတံတားများ မရှိပါ။ ကျေးရွာအတွင်း၌ ကွန်ကရစ် တံတားငယ် (၁)စင်းနှင့် ရေပြွန်(၁၁)ခုရှိပါသည်။ ရေပြွန်(၁၁)ခုတွင် (၃)ခုသာကောင်း၍ ကျန်ရေပြွန်(၈)ခုသည် အလွန်ဆိုးရွားနေပါသည်။ ပြန်လည်ပြုပြင်ပေးရန် လိုအပ်နေပါသည်။

တလိုင်းတောင်ကျေးရွာတွင် ရေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

တလိုင်းတောင်ကျေးရွာတွင် မီတာခစျေးကြီးသောကြောင့် အိမ်တိုင်းလျှပ်စစ်မီးမသုံးစွဲနိုင်ပါ။ ရွာအတွင်း ပြဿနာမှာ လမ်းမီးများ လုံလောက်စွာ မရရှိသောကြောင့် ညအချိန်သွားလာမှုများတွင် အန္တရာယ်ရှိနိုင်ပါသည်။ ဓာတ်အားလိုင်း သုံးစွဲနိုင်သော အိမ်ထောင်စု(၂၁၉)စု၊ ဆိုလာစနစ်နှင့် ဒီဇယ်အင်ဂျင်သုံး အိမ်ထောင်စု(၁၈)စုနှင့် ဖယောင်းတိုင်သုံး အိမ်ထောင်စု(၅၅)စု ရှိပါသည်။ ကျေးရွာသည် မြို့နှင့် မဝေးကွာလှသဖြင့် အိမ်တိုင်း လျှပ်စစ်မီး သုံးစွဲနိုင်ရန် လိုအပ်နေပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

တလိုင်းတောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာများ လွယ်ကူစွာ ရရှိနိုင်သောကြောင့် အသိပညာ ဗဟုသုတများ ကြွယ်ဝစေပါသည်။

၆။ ပညာရေး

တလိုင်းတောင်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၈) ရာခိုင်နှုန်း ရှိပါသည်။ စာမတတ်သူ(၂)ရာခိုင်နှုန်းသာရှိပါသည်။ ဘွဲ့ရသူဦးရေ (၅၂) ဦးအထိ ရှိနေပြီ ဖြစ်သည်။ (၆၅) ရာခိုင်နှုန်းသည် မူလတန်းပြီးဆုံးပြီး ဖြစ်သဖြင့် စာတတ်မြောက်မှု အခြေခံအဆင့် ရှိသည်ဟု ဆိုနိုင်ပါသည်။

တလိုင်းတောင်ကျေးရွာတွင် ကျောင်းနေအရွယ်ကလေး စုစုပေါင်းကျောင်းသား/သူ (၁၈၆) ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေး စနစ်ကြောင့် လုံးဝကျောင်းမနေသူဦးရေ မရှိပါ။ လက်ရှိ မူလတန်းတက်ရောက် နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါ သည်။

တလိုင်းတောင်ကျေးရွာ လက်ရှိအနေအထားတွင် ကျောင်းသား/သူ စုစုပေါင်း (၁၈၆) ဦး ပညာသင်ကြား နေပြီး ဆရာမစုစုပေါင်း(၉) ဦးဖြင့် လုံလောက်မှု ရှိပါသည်။ ကျောင်းအတွင်း အိမ်သာ၊စာရေး စာဖတ်ခုံ၊ စားပွဲ၊ ကျောက်သင်ပုန်း၊ ဗီဒို စသည်ဖြင့် လုံလောက်မှု အားနည်းနေပါသည်။ ကျောင်းဝင်းလုံခြုံမှု အတွက် ကျောင်းခြံစည်းရိုးကာရံမှုများ လိုအပ်နေပါသည်။ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသား/သူများနှင့် ဆရာ/မ များမှ စုပေါင်းကြိုးစားလျက်ရှိပါသည်။

ကျေးရွာတွင် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများ အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ သင်ထောက်ကူပစ္စည်းများနှင့် အားကစားပစ္စည်းများလည်း လိုအပ်လျက်ရှိပါသည်။ ဆရာမ(၉) ဦးအနက် (၆) ဦးသည် နေ့ချင်းပြန်သွားလာနေရပါသည်။ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ မရှိပါ။ ကျောင်းသား/သူများသည် ရွာ၌မူလတန်းအောင်မြင်ပြီး အလယ်တန်း၊ အထက်တန်းကိုရွာနှင့် (၃) မိုင်ဝေးသော ထားဝယ်မြို့တွင် သွားရောက်သင်ကြားရပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါသည် သာမန်မျှသာဖြစ်၍ မိုးရာသီတွင် အဖြစ်များသည်။ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါသည် ရာသီပေါ်ရောဂါများသာ ဖြစ်ပါသည်။ HIV,AIDS ရောဂါများ ဖြစ်ပွားလေ့ မရှိပါ။ တီဘီနှင့် ဆီးချိုရောဂါသည် သာမန်အဆင့်သာရှိပီး သွေးတိုးရောဂါမှာ ကျား/မ မရွေး အဖြစ်များသည်။ အသည်းရောဂါလည်း ဖြစ်ပွားမှု နည်းပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာ အတော်အသင့်သာ ရှိပါသည်။

တလိုင်းတောင်ကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများအနေဖြင့် အသည်းရောင်အသား၀ါ ရောဂါကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးများကို တနှစ်လျှင် (၃)ကြိမ်ခန့် ထိုးနှံမှုများ ပြုလုပ်ပေးပါသည်။ တခြားကာကွယ်ဆေးထိုးနှံမှုများကိုလည်း ရှိပါသည်။

ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများမှာ မြို့နယ်ဆေးရုံသို့ သွားသည်က များပါသည်။ ကျေးရွာတွင်း ကျန်းမာရေးဆေးပေးခန်း မရှိသောကြောင့် တလိုင်းတောင်ကျေးရွာ၏ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် သားဖွားဆရာမ(၁)ဦးနှင့် ကြီးကြပ်-၂ (၁)ဦး ရှိပါသည်။ ဆေးပေးခန်းတွင် အခန်း၊ကုတင်များ လုံလောက်မှုမရှိပါ။ အရေးပေါ်ကျန်းမာရေးအတွက် တစ်ခုခု ဖြစ်ပွားပါက (၃)မိုင်ဝေးသော ထားဝယ်မြို့ရှိ ဆေးရုံတွင် အဓိက ထား၍ သွားရောက်ပြသပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေး၀ါးများကို ကျေးရွာ အတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်ဆေး၀ါးများ ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရနိုင်ပါသည်။ ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျန်းမာရေး ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာ သူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။

တလိုင်းတောင်ကျေးရွာတွင် ရေတွင်း(၂၀၉) တွင်းရှိပါသည်။ အိမ်ထောင်စုများသည် အိမ်ဝိုင်းအတွင်းရှိ လက်တူးရေတွင်းများမှ သောက်သုံးရေကို အသုံးပြု ကြပါသည်။

ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၂၃၉) အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာ ဆောက်လုပ်ရာတွင် ကုန်ကျစရိတ် များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ ကျင်းအိမ်သာနှင့်မြေပေါ်အိမ်သာများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တလိုင်းတောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများ မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၂၅)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင် အိမ်ထောင်စု(၁၀)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၁)စု သာရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ရာခိုင်နှုန်း နည်းပါးပါသည်။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်း၀န်းကူညီကြပါသည်။

တလိုင်းတောင်ကျေးရွာတွင် ထိခိုက်လွယ်မှု အခြေအနေမှာ အနိမ့်ဆင့်မှာ သာရှိပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်း ပြုလုပ်ရသောကြောင့် သစ်တောပြုန်းတီးခြင်းမရှိပါ။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်မိရပ်ဖများက ရပ်ရွာအတွင်း အုပ်ချုပ်မှုအပိုင်းအား စနစ်တကျ တင်းကြပ်စွာ ဆောင်ရွက်သောကြောင့် လူကုန်ကူးခြင်းမရှိပါ။ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါ စသည်ဖြင့် အခြားရောဂါများ ဆိုးဆိုးရွားရွား ဖြစ်လေ့မှုမရှိပါ။ မိုးရာသီ၌ ငှက်ဖျားရောဂါ ဖြစ်ပွားမှု များပြားပါသည်။

တလိုင်းတောင်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု သင်တန်းများ လိုအပ်နေပါသည်။ ကျေးရွာမှ စီးပွားဖြစ် မွေးမြူရေး ဆိုင်ရာ နည်းပညာသင်တန်းများ လိုအပ်နေပါသည်။ နည်းပညာပံ့ပိုးမှုများရှိပါက မွေးမြူရေး လုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

စိုက်ပျိုးမြေများတွင် နွားချေး စသော ဇီဝမြေဩဇာကို ပြန်လည်ဖြည့်တင်းခြင်းများ မရှိကြဘဲ ဓာတ်မြေဩဇာ သုံးစွဲမှု များလာပါသည်။ သစ်တောများ ပြုန်းတီးမှု များလာသော ကြောင့် ရေအရင်းအမြစ်နှင့် တိရစ္ဆာန်မျိုးကွဲများ ပျောက်ကွယ်မှု များလာပါသည်။ စိုက်ပျိုးသီးနှံ များတွင် ပိုးမွှားရောဂါ ကာကွယ်နှိမ်နှင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျပြုလုပ်သည့် စနစ်မရှိသေးပါ။ အမှိုက်သိမ်းယာဉ်များ လိုအပ်နေပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

တလိုင်းတောင်ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များတွင် အားတက်သရောပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။ ကျေးရွာတွင် ရွာသူရွာသားများအချင်းချင်း ချစ်ခင်စည်းလုံးကြ၍ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးများကလည်း သွန်သင်ဆုံးမမှု ရှိပါသည်။

ကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွက် ကျား၊မအလိုက် လုပ်အားခ သတ်မှတ်ချက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းမှာ နေ့စားလုပ်ကိုင်သူများနှင့် ကိုယ်ပိုင်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ငါးလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်၊သတ္တုတူးဖော်ရေးလုပ်ငန်းများ မရှိပါ။

တလိုင်းတောင်ကျေးရွာတွင် အိမ်ထောင်စု (၂၈၅) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၁၄၃) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၀၁) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ၆၅.၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၄.၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ

တစ်အိမ်ထောင်လျှင် (၄.၀၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းထက်လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

တလိုင်းတောင်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၈) ရာခိုင်နှုန်း ရှိပါသည်။ စာမတတ်သူ(၂)ရာခိုင်နှုန်းသာရှိပါသည်။ ဘွဲ့ရသူဦးရေ (၅၂) ဦးအထိ ရှိနေပြီ ဖြစ်သည်။ (၆၅) ရာခိုင်နှုန်းသည် မူလတန်းပြီးဆုံးပြီး ဖြစ်သဖြင့် စာတတ်မြောက်မှု အခြေခံအဆင့် ရှိသည်ဟု ဆိုနိုင်ပါသည်။

တလိုင်းတောင်ကျေးရွာတွင် ကျောင်းနေအရွယ်ကလေး စုစုပေါင်းကျောင်းသား/သူ (၁၈၆) ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေး စနစ်ကြောင့် လုံးဝကျောင်းမနေသူ ဦးရေ မရှိပါ။ လက်ရှိ မူလတန်းတက်ရောက် နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါ သည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - တလိုင်းတောင်			ကျေးရွာအမည် - တလိုင်းတောင်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကွင်းသာယာလမ်း လမ်းခဲ့မြေဖို့ခြင်း	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ရေပြွန်များပြုပြင်ခြင်း၊ တံတားဆောက်ခြင်း(၃၀)ပေ	
၃	ပညာရေး	ကျောင်းအဆောက်အဦ	ကျောင်းခြံစည်းရိုးကာရံခြင်း	
၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ	ကျောင်းသုံးပရိဘောဂ(ပန်ကာ၊ စာရေးခုံ) ဖြည့်ဆည်းပေးခြင်း	
၅	ပညာရေး	ကျောင်းအဆောက်အဦ	မျက်နှာကျက်တပ်ဆင်ပေးခြင်းနှင့် အခန်းဖွဲ့စည်းပေးခြင်း	
၆	ပညာရေး	ကျောင်းအဆောက်အဦ	ကျောင်းအိမ်သာဆောက်လုပ်ခြင်း	
၇	ပညာရေး	ကျောင်းအဆောက်အဦ	ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးခြင်း	
၈	လျှပ်စစ်	မဟာဓါတ်အားလိုင်း	မဟာဓါတ်အားလိုင်းမှ မီးသွယ်တန်းခြင်း၊ လမ်းမီးတိုင်များ ပြုပြင်ခြင်း	
၉	လူငယ်နှင့်အားကစား	အားကစား	ဘောလုံးကွင်းပြုပြင်ခြင်း၊ အားကစားပစ္စည်းများဝယ်ယူခြင်း	
၁၀	လူငယ်နှင့်အားကစား	အားကစား	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပေးခြင်း။	
၁၁	စိုက်ပျိုးရေး	နည်းပညာ၊ သက်တမ်းတိုသီးနှံ	စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်းနှင့်မျိုးသန့်ရရှိရန်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း	
၁၂	စိုက်ပျိုးရေး	ရေ	ချောင်းမြောင်းများဖောက်လုပ်ပေးခြင်း	

တလိုင်းတောင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်သိန်း	ဦးဘသင်း	၆/ထဝန(နိုင်)	၆၀	ဥက္ကဋ္ဌ	
၂	ဦးထွန်းစိန်	ဦးထွန်းရွှေ	၆/ထဝန(နိုင်)	၆၃	အတွင်းရေးမှူး	
၃	ဦးအောင်ပြည့်ဟိန်း	ဦးတင်ဌေး	၆/ထဝန(နိုင်)	၂၃	စာရင်းကိုင်	
၄	ဦးစံလင်း	ဦးဖိုးလင်	၆/ထဝန(နိုင်)	၆၅	ဘဏ္ဍာရေးမှူး	
၅	ဒေါ်တင်စန်း	ဦးအောင်ငွေ	၆/ထဝန(နိုင်)	၃၀	စာရင်းစစ်	
၆	ဦးဇော်ဝင်း	ဦးတင်သား	၆/ထဝန(နိုင်)	၅၅	အဖွဲ့ဝင်	
၇	ဦးအေးသိန်း	ဦးဖိုးကင်	၆/ထဝန(နိုင်)	၄၃	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၉	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၉	၃၃	၆၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၇	၄၀	၆၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၆၁	၁၁၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၆	၃၉၅	၇၅၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၄	၈၄	၁၃၈
စုစုပေါင်း		**၅၁၁**	**၆၂၂**	**၁၁၄၃**
စုစုပေါင်း အိမ်ထောင်စု		**၂၈၅**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာတွင် အိမ်ထောင်စု (၂၈၅) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၁၄၃) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၀၁) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ၆၅.၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၄.၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၀၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းထက်လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၇၀	၁၈၉	၁	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၈		မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၈		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၃	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	၄	မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	မြင့် ☐ လတ်☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၇	၄၇	၉	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆		မြင့် ☐ လတ်☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆	၆	မြင့် ☐ လတ်☐ နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၃	မြင့် ☐ လတ်☐ နိမ့် ☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၂	၂၄	၁၁၆	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၈၄	၃၀၅	၁၄၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၇၅၁) ဦးဖြစ်ပြီး ကျား (၃၅၆) ဦးနှင့် မ (၃၉၅) ဦး ရှိသောကြောင့် အမျိုးသမီး လုပ်သားအင်အားမှာ (၅) ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေး လုပ်ငန်း (လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း) တွင် လုပ်ကိုင်ကြသူမှာ (၁၇၀) အိမ်ထောင်စုရှိပြီး၊ လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအဖြစ် လုပ်ကိုင်နေသူ (၁) အိမ်ထောင်စု၊တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင်သူ(၈) အိမ်ထောင်စု၊ ကျောက်ထုတ်လုပ်ငန်းတွင် အငှားလုပ်ကိုင်သူ (၁) အိမ်ထောင်စု၊ ထုတ်ကုန်လုပ်ငန်းတွင် လုပ်ကိုင်သူ(၂) အိမ်ထောင်စု၊ ပန်းရံ/လက်သမားလုပ်ငန်းကို အဓိက လုပ်ကိုင်နေသူ (၃) အိမ်ထောင်စု၊ ပန်းရံ/လက်သမားလုပ်ငန်းကို အငှားလုပ်ကိုင်နေသူ (၁၀) အိမ်ထောင်စု၊ ယာဉ်၊စက်ကိရိယာ ပြင်ဆင်ရေးတွင် လုပ်ကိုင်သူ (၁) အိမ်ထောင်စု၊ ကျွမ်းကျင်ပညာရှင်တွင် လုပ်ကိုင်သူ(၂) အိမ်ထောင်စု၊လက်လီလက်ကား အရောင်းအဝယ် လုပ်ကိုင်နေကြသူ (၄၇) အိမ်ထောင်စု၊ လက်လီလက်ကား အရောင်းအဝယ် အငှားလုပ်ကိုင်နေကြသူ (၆) အိမ်ထောင်စု၊ ပို့ဆောင်ရေးတွင် လုပ်ကိုင်သူ(၃) အိမ်ထောင်စု၊ ပို့ဆောင်ရေးတွင် အငှားလုပ်ကိုင်သူ(၁) အိမ်ထောင်စု၊

ပညာရေးတွင် အငှားလုပ်ကိုင်သူ(ဖ)အိမ်ထောင်စု၊ ကျန်းမာရေးတွင် အငှားလုပ်ကိုင်သူ(၁) အိမ်ထောင် စု၊ အခြားကျပန်းလုပ်ငန်းဖြင့် အဓိကထား အသက်မွေးနေကြသူ (၂၂) အိမ်ထောင်စု ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွက် ကျား၊မအလိုက်လုပ်အားခ သတ်မှတ်ချက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းမှာ နေ့စားလုပ်ကိုင်သူများနှင့် ကိုယ်ပိုင်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ငါးလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်၊သတ္တုတူးဖော်ရေးလုပ်ငန်းများ မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၉၉	ကောင်း ☐	သင့် ☐	ညံ့ ☑
ယာမြေ / တောင်ယာမြေ	၅	ကောင်း ☐	သင့် ☐	ညံ့ ☑
ဥယျာဉ်ခြံမြေ	၄၉၁.၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၄.၅	ကောင်း ☐	သင့် ☐	ညံ့ ☑
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာတွင် စိုက်ပျိုးမြေမှာ အသင့်အတင့် ရှိသော်လည်း မိုးရေကိုသာ အားထားစိုက်ပျိုးရသဖြင့် စိုက်ပျိုးမြေအား အပြည့်အဝ အသုံးချမှု နည်းနေပါသည်။ အများစုမှာ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြပါသည်။ လယ်ယာနှင့် ဥယျာဉ်မြေများ စိုက်ပျိုးရန်အတွက် မိုးတွင်းအခါ ရေတိုက်စားမှုကြောင့် မြေဆီလွှာ ပျက်စီးမှုများ ဖြစ်ပေါ်နေသည်ကိုတွေ့ရှိရပါသည်။

.(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သဘာဝတိရစ္ဆာန်များ နည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်း ကြောင့် ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ အသင့်အတင့် ရှိနေပါသေးသည်။ သို့သော်လည်း လက်လှမ်းမီမှု အားနည်းပါ။ မြက်ကို နွားစာအဖြစ် အသုံးပြုကြပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၅	၅၈	၇၉	၁၁၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ ဓနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများပါသည်။ မြေပိုင်ဆိုင်မှုမှာ များနေသော်လည်း လုပ်ငန်းသုံးစက်ကိရိယာများ မရှိခြင်းကြောင့် လယ်ယာနှင့် ဥယျာဉ်ခြံမြေများ တိုးချဲ့လုပ်ကိုင်မှုများ အားနည်းနေပါသည်။

(၄) ထိခိုက်လွယ်မှု

(၄-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၅_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၃_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၀_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာ အိမ်ထောင်စုအားလုံး၏ ထက်ဝက်ခန့်သည် ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။ မြေယာမဲ့ကျဘန်းသမားများ၏အခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ မြေယာမဲ့ကျဘန်းသမားများမှာ ဈေးအကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကိုမှီခိုပြီး စားဝတ်နေရေးအတွက် ဖြေရှင်းနေရပါသည်။ ဓနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများပါသည်။ မြေပိုင်ဆိုင်မှုမှာ များနေသော်လည်း အခုမှ စတင်တည်ထောင်သော အိမ် ထောင်စုများနေကြောင်း တွေ့ရှိရသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တလိုင်းတောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများ မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၂၅)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင် အိမ်ထောင်စု(၁၀)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၁)စု သာရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ရာခိုင်နှုန်း နည်းပါးပါသည်။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စ ရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

